Company Profile (Amata Holding Public Co., Ltd.)

ကုမ္ပဏီအမည်	အမတဟိုး(လ်)ဒင်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်		
ကုတ်နံပါတ်	၀၀၀၀၇	ISIN code	MM0000700003
စတင်တည်ထောင်သည့်နေ့	၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်	စီမံအုပ်ချုပ်သူ	ဦးဝင်းအောင် (ဥက္ကဋ္ဌ)
စာရင်းဝင်ဖြစ်သည့်နေ့	၂၀၂၁ ခုနှစ် ဇွန်လ ၃ ရက်	ဘဏ္ဍာရေးနှစ်	ဧပြီလ ၁ရက်နေ့မှ မတ်လ ၃၁ရက်
အများပြည်သူသို့ ထုတ်ရောင်းထားသည့် ရှယ်ယာ	၁၀,၄၉၇,၅၉၈ ရှယ်ယာ (၂၀၂၆ ခုနှစ် မတ်လ ၃၁ရက်နေ့ရှိ)	ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ	ကျပ် ၃,၄၈၇,၉၉၀,၀၀၀ (၂၀၂၆ ခုနှစ် မတ်လ ၃၁ရက်နေ့ရှိ)
ဖုန်းနံပါတ်	+၉၅-၉-၈၉၉၀၄၄၀၇၇ +၉၅-၉-၈၉၉၀၄၄၀၈၈ +၉၅-၉-၈၉၉၀၄၄၀၉၉	Email လိပ်စာ	info@amataholding.com
လိပ်စာ	အမှတ်(၁၃၃-အက်(ဖ်)/၁)၊ မောရဝတီလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။		
လုပ်ငန်း	Amata သည် အများနှင့်သက်ဆိုင်သော ဟိုး(လ်)ဒင်းကုမ္ပဏီ တစ်ခုဖြစ်၍ ကျွန်ုပ်တို့၏ အဓိက စီးပွားရေးလုပ်ငန်းမှာ အပန်းဖြေဟိုတယ်များ စီမံလည်ပတ်ဆောင်ရွက်ခြင်းနှင့် လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်းတို့ ဖြစ်ပါသည်။ Amata သည် United International Group Ltd (UIG) ၏ အစုရှယ်ယာ ၉၉.၉၉% နှင့် Myanmar Ballooning Co., Ltd (MB) ၏ အစုရှယ်ယာ ၅၁% ကို ပိုင်ဆိုင်ပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် အလယ်အလတ်အဆင့်နှင့် အဆင့်မြင့် အပန်းဖြေနေရာများ၊ ဟိုတယ်များနှင့် Spa များကို တည်ဆောက်၍ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို လုပ်ကိုင်ရာတွင် လုပ်ငန်းနယ်ပယ်၏ ဦးဆောင်သူတစ်ဦး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဧည့်ဝန်ဆောင်မှုကဏ္ဍတွင် အလယ်အလတ်အဆင့်နှင့် အဆင့်မြင့် ဈေးကွက်အပိုင်းအခြား အတွက် အောက်ဖော်ပြပါ အပန်းဖြေနေရာနှင့် ဟိုတယ်များကို UIG လက်အောက်မှတစ်ဆင့် လည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။ • Amata Resort & Spa (Ngapali Beach) • My Bagan Residence by Amata • Amata Garden Resort (Inle Lake) • Amata Garden Resort (Bagan) • Amata Resort & Spa (Andaman) ကျွန်ုပ်တို့၏ အပန်းဖြေအနားယူစခန်းများသည် ပုံမှန်အားဖြင့် အခန်း ၅၀ မှ ၂၀၀ ကြား ရှိပါသည်။ ကျွန်ုပ်တို့သည် အဆင့်မြင့် စားသောက်ဆိုင်များ၊ ဘစ်ထရို (bistro) များနှင့် Spa တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ကျွန်ုပ်တို့၏ ဟိုတယ်နှင့်အပန်းဖြေစခန်း (၅)ခု တို့မှတဆင့် ကျွန်ုပ်တို့၏ ခရီးသွားဧည့်သည်များသို့ အပန်းဖြေခရီးသွားခြင်းဆိုင်ရာ အတွေ့ကြုံမျိုးစုံတို့ကို ပေးစွမ်းလျက်ရှိပါသည်။ လူစီးမီးပုံးပျံပေါ်တွင် စီးနင်းလိုက်ပါ၍ ကောင်းကင်မြင်ကွင်းဖြင့် မြန်မာ့အလှ၊ မြန်မာ့သဘာဝကို တစ်ဝကြီး ကြည့်ရှုခံစားနိုင်မည့် "Oriental Ballooning Service"		

	ကို (MB မှတစ်ဆင့်) မြန်မာပြည်ရှိ မြို့ကြီး (၆) မြို့တွင် လူစီးမီးပုံးပျံ ၁၅ လုံးဖြင့် ကျွန်ုပ်တို့ ခရီးသွားဧည့်သည်များ၏ ခရီးသွားအတွေ့အကြုံများကို ပြီးပြည့်စုံအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးလျှက် ရှိပါသည်။
ဒါရိုက်တာအဖွဲ့ဝင်များ	ဦးဝင်းအောင် (ဥက္ကဋ္ဌ) ဒေါ်နေမြတ်သူအောင် (ဒါရိုက်တာ) ဒေါ်နီလာဝင်း (ဒါရိုက်တာ) ဒေါ်သန်းသန်းအောင် (ဒါရိုက်တာ) ဒေါ်ခင်စုစုဟန် (ဒါရိုက်တာ) ဦးကျော်ပိုင် (သီးခြားလွတ်လပ်သော ဒါရိုက်တာ) ဒေါ်သီတာအေး (သီးခြားလွတ်လပ်သော ဒါရိုက်တာ)
Website လိပ်စာ	www.amataholding.com
အဓိကငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ	မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (MSEC)
စာရင်းစစ်	Khin Su Htay & Associates Limited
ကုမ္ပဏီ၏ နောက်ခံသမိုင်း	ကျွန်ုပ်တို့၏ ကုမ္ပဏီကို အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အမည်ဖြင့် ၁၉၁၄ ခုနှစ် ကုမ္ပဏီအက်ဥပဒေ (မြန်မာကုမ္ပဏီများဥပဒေဖြင့် အစားထိုးဖျက်သိမ်းပြီး) နှင့်အညီ ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် မြန်မာနိုင်ငံ၌ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ “Amata” အမှတ်တံဆိပ်ဖြင့် အပန်းဖြေအနားယူစခန်းများနှင့်တွဲလျက် စားသောက်ဆိုင်လုပ်ငန်းများကို အဓိက အလေးထား လုပ်ကိုင်ဆောင်ရွက်သည့် UIG ကို ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်၍ လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ “Amata” အမှတ်တံဆိပ်အောက်တွင် “Amata Resort (ငပလီ ကမ်းခြေ) ကို စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ယင်းဟိုတယ်အပန်းဖြေစခန်းကို စတင်လည်ပတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းမှဆက်လက်၍ အုပ်စုအနေဖြင့် လုပ်ငန်းချဲ့ထွင်လာခဲ့ရာ ၂၀၁၁ ခုနှစ်တွင် “My Bagan Residence” ကို ပုဂံဒေသ၌ ဖွင့်လှစ်လုပ်ကိုင်နိုင်ခဲ့ပါသည်။ ကနဦး ဟိုတယ်အပန်းဖြေစခန်း နှစ်ခုအပေါ်တွင် ရရှိထားသော မိမိတို့၏ အောင်မြင်မှုကို အသုံးချလျက် "Amata Garden Resort" ကို ၂၀၁၃ ခုနှစ်တွင် အင်းလေးကန်ဒေသ၌ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အုပ်စုအနေဖြင့် မိမိတို့၏ လုပ်ငန်းအမျိုးမျိုးကို ချဲ့ထွင်၍ ပိုမိုစုံလင်အောင် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ရာ "Oriental Ballooning Service" အမည်ဖြင့် "လူစီးမီးပုံးပျံ" လုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင် MB ကုမ္ပဏီမှတဆင့် လုပ်ကိုင်နိုင်ခဲ့ပါသည်။ ပုဂံရှိ "My Bagan Residence" ၏ အောင်မြင်မှုအရှိန်အဟုန် အားကောင်းစေရန် Amata Garden Resort (ပုဂံ) ကို ထူထောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာတွင် ဧည့်သည်များအတွက် ဖွင့်လှစ်ပေးခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နောက်ထပ် ဗီလာ (villa) (၂၀) ခန့် တည်ဆောက်ခြင်းဖြင့် Amata Garden Resort (အင်းလေးကန်) ကို တိုးချဲ့ခဲ့သကဲ့သို့ Amata Garden Resort (ပုဂံ) အတွက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာတွင် အခန်း (၁၂၂) ခန်း ထပ်မံ

	တိုးချဲ့ခဲ့ကာ Amata Garden Resort (အင်းလေးကန်) အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာတွင် အခန်း (၉၃) ခန်း ထပ်မံ တိုးချဲ့ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက် နေ့တွင် ကုမ္ပဏီသည် UIG ၏ ထုတ်ဝေပြီးအစုရှယ်ယာ စုစုပေါင်း၏ ၉၉.၉၉ ရာခိုင်နှုန်း နှင့် MB ၏ ထုတ်ဝေပြီးအစုရှယ်ယာ စုစုပေါင်း၏ ၅၁ ရာခိုင်နှုန်းကို ဝယ်ယူခဲ့ပါသည်။ သို့ဖြစ်ရာ UIG နှင့် MB တို့သည် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီများ ဖြစ်လာကြပါသည်။ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် နေ့တွင် ရန်ကုန်စတော့အိတ်ချိန်း (Main Board) ၌ စာရင်းဝင် ကုမ္ပဏီဖြစ်ရန် ခွင့်ပြုချက် ရရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီ ဖြစ်လာခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် နေ့တွင် “Amata Resort & Spa (Andaman)” အား စတင် ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ကျွန်ုပ်တို့၏ အပန်းဖြေလုပ်ငန်းတွင် နောက်ဆုံးအနေဖြင့် ပါဝင်လာပြီး Luxury Villa ၁၄ ခန်း ဖြင့်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ မြိတ်ကျွန်းစုအတွင်းရှိ မြေဇကော (၁၀၀) ဇက ကျယ်ဝန်းသော ဖိုးနီကျွန်းပေါ်တွင် တည်ရှိပါသည်။

Amata Holding Public Co., Ltd. (00007)

Company Profile

Company Name	Amata Holding Public Co., Ltd. (Amata)		
Code	00007	ISIN code	MM0000700003
Date Formed	27th June 2017	Management	U Win Aung (Chairman)
Date Listed	3rd June 2021	Fiscal year	1st April to 31st March
Outstanding Shares	10,497,598 shares (as at 31st March 2026)	Paid-up Capital	MMK 3,487,990,000 (as at 31st March 2026)
Phone	+95 – 9 – 899 044 077 +95 – 9 – 899 044 088 +95 – 9 – 899 044 099	Email	info@amataholding.com
Address	No.133-F1, Mawrawaddy Street, 5 Quarter, Mayangone Township, Yangon Region, Myanmar.		
Business	Amata is a public holding company and our principal business activity is the management and operations of resort hotel and hot air ballooning business. Amata owns 99.99% share from United International Group Ltd (UIG) and 51% shares from Myanmar Ballooning Co., Ltd (MB). We are a leading manager and developer of mid to premium resorts, hotels and spas in Myanmar. Under UIG, we operate hotels in the mid to premium market segments of the hospitality sector in Myanmar through the following resorts and hotels: • Amata Resort & Spa (Ngapali Beach) • My Bagan Residence by Amata • Amata Garden Resort (Inle Lake) • Amata Garden Resort (Bagan) • Amata Resort & Spa (Andaman) Our resorts each typically have between 50 and 200 rooms. We offer our customers a multi-faceted travel and leisure experience which we deliver through our 5 resorts and hotels, each integrated with spas, fine dining and bistro. The travel experience is also complemented by our Oriental Ballooning Service (under MB), which offers serene panoramic balloon rides through 15 balloons in 6 cities in Myanmar.		
Board Of Directors	U Win Aung (Chairman) Daw Nay Myat Thu Aung (Director) Daw Nilar Win (Director) Daw Than Than Aung (Director) Daw Khin Su Su Han (Director) U Kyaw Paing (Independent Director) Daw Theta Aye (Independent Director)		
Website	www.amataholding.com		
Lead Securities Company	Myanmar Securities Exchange Centre Co., Ltd. (MSEC)		

Auditor	Khin Su Htay & Associates Limited
Company History	Our Company was incorporated on 27th June 2017 in Myanmar under the Companies Act 1914 (which has since been repealed and replaced by the Companies Law) as a public limited company under the name of Amata Holding Public Company Limited. In 1993, the Group started operations with the incorporation of UIG which was primarily focused on the management and operations of resorts and restaurants under the "Amata" brand. Amata Resort & Spa (Ngapali Beach) was the first resort under the "Amata" brand and it began operations in 2003. Thereafter the Group expanded in 2011 and "My Bagan Residence" started operations in Bagan. Leveraging on the success of its first two resorts, the Group set up Amata Garden Resort in Inle Lake in 2013. The Group decided to diversify its business and expanded into the business of operating hot air balloons under the Oriental Ballooning Service in 2013 through MB. To leverage off the success of "My Bagan Residence" in Bagan, Amata Garden Resort (Bagan), was set up and opened its doors to guests in November 2017. In FY 2017-2018, we have expanded Amata Garden Resort (Inle Lake) by constructing 20 additional villas. 122 rooms were added in October 2017 for Amata Garden Resort (Bagan) and 93 rooms were added in October 2018 for Amata Garden Resort (Inle Lake). Amata had acquired 99.99% of the total issued share capital of UIG and 51% of the total issued share capital of MB on 1st August 2018. Correspondingly, both UIG and MB became subsidiaries of the Company. Amata was approved to be listed on the Yangon Stock Exchange (Main Board) on 28th December 2020. Amata listed on Yangon Stock Exchange on 3rd June 2021. "Amata Resort & Spa (Andaman)", the latest addition to our hotel and resort portfolio, first opened its door to guest on 1st November 2021 and serves 14 ultimate villas in "Phoni" Island Myeik (Mergui) Archipelago, Kawthaung Township, Tanintharyi Region and covers an area of 100 acres.